လန်မဲသတင်းထောက်များ ယူနန်တံခါးပွင့်ခြင်းကိုချီးမွမ်း

ဇွန်လ (၁၂)ရက်နေ့မှ (၁၉)ရက်နေ့အထိ ပထမဆုံးအကြိမ်လန်ချန်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံပြန်ကြားရေးအရာရှိနှင့် မီဒီယာသတင်းထောက်မွမ်းမံသင်တန်းကို ကူမင်းမြို့တွင် ဖွင့်လှစ်လိုက်ပါသည်။

ယခုအကြိမ်သင်တန်းကို ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ (၉)ရက်တာအချိန်အတောအတွင်း ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ် (၅)နိုင်ငံမှ သင်တန်းသား (၁၇)ဦးတို့သည် ယူနန်နေ့စဉ်သတင်းစာ လုပ်ငန်းအုပ်စုမှ သတင်းထောက်များနှင့်အတူ ကျည်ဆံရထားကို စီးနင်းခြင်း၊ နယ်စပ်ဂိတ်ကိုလည်ပတ်ခြင်း၊ ကူမင်း၊ လင်ချန်းနှစ်နေရာမှာ စုံလင်လှသောလေ့လာရေးနှင့် ဖလှယ်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ခြင်း စသည်တို့ကို ပါဝင်တက်ရောက်ကြသည့်အပြင် (၅)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက် ကူမင်းသွင်းကုန်ပို့ကုန်ကုန်စည်ပြပွဲကိုပါ တက်ရောက်ခဲ့ကြသည်။ လန်မဲနိုင်ငံအသီးသီးတို့၏ နိုင်ငံတော်ပေါ်လစီများ၊ အခြေခံအဆောက်အဦဆိုင်ရာဆက်ဆံရေးများ၊ ကုန်သွယ်ရေးကူးလူးဆက်ဆံရေးများ၊ ရင်းနှီးမြှုပ်နှံမှုဥွေကြေးအပြန်အလှန်ဆက်စပ်မှုများ၊ ပြည်သူလူထုများတို့ စိတ်နှလုံးသားချင်းနီးစပ်စေခြင်းများစသည့် ကဏ္ဍများကိုနက်နဲစွာလေ့လာခဲ့ပါသည်။ လန်မဲသတင်းထောက်များသည် တစ်လမ်းလုံးရယ်မောသံမပြတ်ရှိနေကြသည်။ ယူနန်ပြည်နယ်၏ နယ်စပ်တံခါး ဖွင့်လှစ်မှုမူဝါဒကျင့်သုံးခြင်းအပေါ် အဆက်မပြတ် ချီးမွမ်းနေကြပါတော့သည်။

ဇွန်လ ၁၆ ရက်နေ့ နံနက်ခင်းတွင် လင်ချန်းမြို့မုံတင့်မြို့နယ် ချင်းရွှေဟော်နယ်စပ်ဂိတ်ကုန်စည် စစ်ဆေးရေးဂိတ်မှာ စစ်ဆေးရန် စောင့်ဆိုင်းနေသော တရုတ်မြန်မာကုန် ကား(၁၀)စီးကျော်သည် ရပ်နားလျက်ရှိနေကြသည်ကို တွေ့မြင်ရပါသည်။ ချင်းရွှေဟော်နယ်စပ်ဂိတ်သည် မြန်မာနိုင်ငံ တောတောင်နှင့် ဆက်လျက်ရှိနေပါသည်။ နိုင်ငံတော်ပထမတန်းစား နယ်စပ်ဂိတ် အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံကျောက်ဖြူနှင့် (၉၈၃) ကီလိုမီတာကွာဝေးသည်။ ယူနန်မှတောင်အာရှ အရှေ့တောင်အာရှ ကိုဆက်သွယ်ပေးသောအကြား ကူးလူးဆက်ဆံရေးတွေ အတွက်အဆင်ပြေစေတယ်လေ။"ဟု နယ်စပ်ပြည်သူများသည် လက်တွေ့ရာဖြင့် စစ်ဆေးသည့်စနစ်ကို အသုံးပြုပြီး ကိုယ်ရေးအချက်အလက်များကို စစ်ဆေးခံနေသည်ကိုတွေ့မြင်သော လာအို《ဗီယင်ကျန်းနေ့စဉ်သတင်းစာ》မှသတင်းထောက် Vistih Teppalathက အသစ်အဆန်းဖြစ် ထူးဆန်းအံ့သြလျက်ရှိနေပါသည်။

တရုတ်မြန်မာနယ်စပ်ကုန်သွယ်ရေးနှင့် လူထုကူးလူး ဆက်ဆံရေးတို့သည် တစ်နေ့တစ်ခြား တိုးမြှင့်လာနေသည်နှင့်အမျှချင်းရွှေဟော်နယ်စပ်ဂိတ်၏ အခြေခံအဆောက်အအုံများလည်း အဆက်မပြတ် အဆင့်မြှင့်တင်လာနေပါသည်။ (၂၀၂၀) ခုနှစ်မှာ ဆောက်လုပ်ပြီးစီးရန် လျာထားသည့် နိုင်ငံတော်တံခါးမကြီးသည် ယခုလက်ရှိ နိုင်ငံတော်တံခါးနှင့် မီတာ(၉၀၀) အကွာတွင်ရှိနေပါသည်။ လင်ချန်း-ချင်းရွှေဟော်အမြန်ကားလမ်းသည် နိုင်ငံတော်တံခါးဝအတွင်းမှ တိုက်ရိုက်ဖြတ်သန်းသွားပါမည်။

ဇွန်လ (၁၆) ရက်နေ့ ညနေခင်း အချိန်မှာ လန်မဲသတင်းထောက် မွင်းမံသင်တန်းမှ သင်တန်းသားများသည် "တရုတ်တိုင် (ရှမ်း) စက္ကူထုတ်လုပ်ရေးပထမရွာ" ဟုချီးကျူးခေါ်ဝေါ်ခြင်းခံရသော ကိန်းမားတိုင်(ရှမ်း)၊ ဝတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် မုံတင့်မြို့နယ် မန်ထွမ်ကျေးရွာသို့ ရောက်ရှိခဲ့ကြရာ တိုင် (ရှမ်း) တိုင်းရင်းသားတို့၏ လက်မှုစက္ကူထုတ်လုပ်ရေးယဉ်ကျေးမှု၏ ဆွဲဆောင်မှု စွမ်းပကားကို ခံစားခဲ့ကြပါသည်။

"ကမ္ဘောဒီးယား Battambang ပြည်နယ်မှာလည်း လက်မှုစက္ကူထုတ်လုပ်ရေးလုပ်ငန်းရှိပါတယ်။

ရှေးခေတ်ကထည်းက တရုတ်နိုင်ငံ ကနေဝင်လာခဲ့ပါတယ်။ လုပ်ပုံလုပ်နည်းနဲ့ ကုန်ကြမ်းတွေက အားလုံးမတူကြပေမဲ့ နှစ်ပေါင်းရာကျော်ဆက်ခံလာခဲ့တဲ့ နည်းပညာကတော့ တိုင်(ရှမ်း) တိုင်းရင်းသားရွာမှာ သက်ဝင်ထွန်းတောက်နေဆဲဖြစ်နေပါတယ်။ "ကမ္ဘောဒီးယားသတင်းပြန်ကြားရေးဝန်ကြီးဌာနအကြံပေး၊ သတင်းနှင့် ရုပ်သံဌာနဒုတိယဌာနမှူး Chhean Lea က စိတ်အားထက်သန်စွာဖြင့် စက္ကူထုတ်လုပ်သည့်ဖြစ်စဉ်တစ်ခုလုံးကို လက်တွေ့ခံစားကြည့်ခဲ့သည်။ နောက်ဆုံးစက္ကူထွက်လာပြီးသည်အထိ စိတ်ဝင်စားစွာလေ့လာကြည့်ရှုခဲ့ပါသည်။

မန်ထွမ်တိုင်(ရှမ်း) တိုင်းရင်းသားလက်မှုစက္ကူထုတ်လုပ်ရေးလုပ်ငန်းသည် ယခုအထိနှစ်ပေါင်း (၆၀၀)ကျော် သမိုင်းကြောင်းရှိခဲ့ပြီဖြစ်သည်။ စက္ကူထုတ်လုပ်ရေးလုပ်ငန်းသည် မန်ထွမ်ရွာ၏ အရေးကြီးဆုံးဝီးပွားရေးလုပ်ငန်း ဖြစ်နေကြောင်း သိရပါသည်။ ယမန်နှစ်မှာလက်မှု စက္ကူထုတ်လုပ်မှုမှာ စက္ကူအရွက်ပေါင်း(၁. ၅) သန်းထုတ်လုပ်ခဲ့ကာ ရောင်းရငွေပေါင်းယွမ်ငွေ (၄)သန်း ရရှိခဲ့ကြောင်းသိရပါသည်။ ကမ္ဘောဒီးယားသတင်းပြန်ကြားရေးဝန်ကြီးဌာနအကြံပေး၊ ပြည်ထဲရေးနှင့် ဘဏ္ဍာရေးဌာန ဒုတိယဌာနမှူး Long Seng က လက်မထောင်ပြီး ချီးမွမ်းပြောကြားသွားသည်မှာ "အဲဒါကကျေးရွာချမ်းသာဖွံ့ဖြိုးရေးအတွက် အတွေ့အကြုံကောင်းပဲဖြစ်တယ်လေ။ ကျွန်တော်တို့ ဒီတစ် ခေါက်ခရီးစဉ်ကတန်ဖိုးအတော်ရှိပါတယ်။"

ဝမ်ဟွမ်၊ဝမ်စီရွှဲ၊စိန်ယန်း။

"တောင်အာရှကုန်စည်ပြပွဲ"

တရုတ်ထိုင်ဝမ်ပြခန်း–ဆန်းသစ်တီထွင်မှုကိုအားလုံးကစူးစိုက်

ယခုနှစ်ဇွန်လ (၁၄)ရက်နေ့မှ (၂၀) ရက်နေ့အထိ ကျင်းပသော (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ ထိုင်ဝမ်ပြခန်းအတွင်း စွန့်ဦးတီထွင်မှု ထုတ်ကုန်များသည် ရွှေ၊ သစ်၊ မြေ၊ ကျောက် စသည့်မတူသော ကုန်ကြမ်း ဖြင့် ထုတ်လုပ်မှု နည်းပညာသစ်ကို တီထွင်ဖန်တီးခဲ့ကြသည်။ အနုပညာဆန်သော တီထွင်ဖော်ပြမှုများသည် လူများ၏ မျက်လုံးရှေ့မှာ တောက်ပသွားစေ နိုင်ခဲ့ပါတော့သည်။

"ထောင်းရှီ"အလုပ်ရုံ၏ပိုင်ရှင်မှာ ထိုင်ဝမ်မှ လင်မယားစုံတွဲဖြစ်ပါသည်။ သူတို့သည် "ထျန်းမုကျန်"ဟု ခေါ်သော စုန့်မင်းဆက်ခေတ်က ကြွေထည်အနုပညာ လက်ရာကိုယခုခေတ်အနုပညာ လက်ရာများဖြင့် ရောပြွန်းလိုက်ကာ ယခုနှစ် ထိုင်ဝမ်မှာ ပထမဆုံးသော"စင်းပေလက် ဆောင်မွန်" ဖြစ်လာနိုင်ခဲ့ပြီး စိန်းကျိန့် အနုပညာပြပွဲမှာ"တရုတ်အနုပညာပန်းချီယဉ်ကျေးမှုတီထွင်မှုဆု"ကို ဆွတ်ခူးရရှိနိုင်ခဲ့ပါသည်။ "ကျွန်တော်တို့က အသစ်လွင်ဆုံးလက်ရာကို တောင်အာရှကုန်စည်ပြပွဲကိုယူလာခဲ့ပါတယ်။ ကြွေထည်ရဲ့ ကျောက်ပြာရောင်က ပင်လယ်သမုဒ္ဒရာကို ကိုယ်စားပြုနေပါတယ်။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု ဆောက်လုပ်ရေး အတွင်း နက်ရှိုင်းသည့် တရုတ်ယဉ်ကျေးမှုကကမ္ဘာထဲသို့ ထဲထဲဝင်ဝင်ရောဝင်သွားခြင်းရဲ့ အဓိပ္ပါယ်ဖြစ်တယ်။"ဟု အလုပ်ရုံမှအမျိုးသမီးလင်းက သတင်းထောက်အားပြောပြနေသည်။

"ဖျင်ကျင်းဖျင်"၏ တာဝန်ခံလင်းယွီစန်းက မိတ်ဆက်ပြောပြသည်မှာ "ကျွန်မတို့ အခုတစ်ခေါက် အနုပညာလက်ရာပေါင်း (၂၀၀) ကျော် ပါလာခဲ့ပါတယ်။ တောင်အာရှကုန်စည်ပြပွဲကနေ တစ်ကမ္ဘာလုံးဆီကိုဖြန့်ချင်ပါတယ်။ ကျွန်မတို့အနေနဲ့ ယူနန်ရဲ့အနုပညာ ဆန်းသစ်တီထွင်မှုလုပ်ငန်းရဲ့ ရှေ့အလားအလာကိုလည်း ယုံကြည်မြင်နေပါတယ်။ ယူနန် ဒေသခံရဲ့ ပြတိုက်နဲ့ အနုပညာရှင်များနဲ့ အတူပူးပေါင်းဆောင်ရွက်မှု နှီးနှောဖလှယ်မှုတွေ လုပ်ချင်ပါတယ်။"

ထိုင်ဝမ်မှပြပွဲဝင် ကုန်သည်များက သတင်းထောက်ကို ပြောပြနေသည်မှာ- "ယူနန်မှာ ကျန့်စွေကြွေထည်နဲ့ ကြွေထည်နက်လက်ရာများ ရှိနေတယ်လို့ ကြားသိရပါတယ်။ ယူနန် ယဉ်ကျေးမှုကလည်း ပြောင်မြောက်လှပါတယ်။"

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝဲဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn